# သခင်ယေရှု ဘာကြောင့် အသေခံပေးရသလဲ?

## ၁။ အားလုံး အပြစ်သားနေဖြစ်လို့ပါ။

မာကု ၂း၁၇ `ယေရှုသည်ကြားတော်မူလျှင်၊ ကျန်းမာသောသူတို့သည် ဆေးသမားကို အလိုမရှိကြ။ နာသောသူတို့သာလျှင် အလိုရှိကြ၏။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှါ ငါလာသည်မဟုတ်။ ဆိုးသောသူတို့ကိုခေါ်ခြင်းငှါ ငါလာသတည်း။´

ရောမ ၃း၁၀ `ကျမ်းစာလာသည်ကား ဖြောင့်မတ်သောသူမရှိ။ တယောက်မျှမရှိ။´

မဿဲ ၁၈း၁၁ `လူသားသည် ပျောက်သောသူတို့ကို ကယ်တင်အံ့သောငှါ ကြွလာသတည်း။´

## ၂။ အပြစ်အတွက် ပေးဆပ်စရာရှိပါတယ်။

မဿဲ ၁၅း ၁၈-၂၀ `ခံတွင်းမှ ထွက်သောအရာမူကား၊ နှလုံးထဲကထွက်လာ၍ လူကို ညစ်ညူးစေသောအရာဖြစ်၏။ မကောင်းသောကြံစည်ခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေကိုခံခြင်း၊ သူ့အသရေကို ဖျက်ခြင်းအရာတို့သည် နှလုံးထဲကထွက်လာ၍၊ - လူကိုညစ်ညူးစေသောအရာ ဖြစ်ကြ၏။´

ရောမ ၆း၂၃ `အပြစ်တရား၏ အခကား သေခြင်းပေတည်း။

မာကု ၁၆း ၁ `ယုံကြည် - - သောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။´



**အပြစ်ဆိုတာ ပေးဆပ်ရစမြဲပါ။**

## ၃။ လူတွေရဲ့အပြစ်အတွက် သခင်ယေရှုခရစ်တော် အသေခံပေးခဲ့တာပါ။

မဿဲ ၁း ၂၁ `သားယောကျ်ားကို ဖွါးမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်။´

ရောမ ၅း၈ ` ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။´

ယောဟန် ၃း ၁၆ `ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။´

မဿဲ ၁၈း ၁၁ `လူသားသည် ပျောက်သောသူတို့ကို ကယ်တင်အံ့သောငှါ ကြွလာသတည်း။´

## ၄။ ကယ်တင်တာက အခမဲ့ပါ။ ကိုယ်ကောင်းတာလုပ်လို့ မဟုတ်ဘူး။ ဘုရားသခင်ပြောတဲ့အတိုင်း သခင်ယေရှုတပါးတည်းကို အားကိုးပါ။

ဧဖက် ၂း၈-၉ `ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။´

တိတု ၃း၅ `ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ပဲ။ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။´

တမန် ၄း၁၂ ` ထိုသခင်၏ နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သောနာမ တစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ။´

## ၅။ အကယ်ခံရဖို့ သခင်ယေရှုကို ယုံကြည် အားကိုးပါ။

မာကု ၉း ၂၃ `ယေရှုကလည်း၊ သင်သည် ယုံကြည်နိုင်သလော။ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည်။´

မာကု ၁း ၁၅ `အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ။ နောင်တရကြလော့၊ ဧဝံဂေလိတရားကို ယုံကြည်ကြလော့။´

မာကု ၁၀း၁၅ ` ငါအမှန်ဆိုသည်ကား၊ အကြင်သူသည် ဘုရားသခင်၏ နိုင်ငံတော်ကို သူငယ်ကဲ့သို့ မခံမယူ၊ ထိုသူသည် နိုင်ငံတော်သို့ မဝင်ရ။´

.

ရောမ ၁၀း၉-၁၀၊ ၁၃ `သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့် ဝန်ခံရ၏။ - ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။´



**အပြစ်ရှိသူတွေအတွက် ခရစ်တော် အသေခံခဲ့ပြီ**

*အခုလို ရိုးရိုးကလေး ဆုတောင်းနိုင်ပါတယ်။ ဒီလိုဆုတောင်းတာက အကယ်ခံရဖို့ သခင်ယေရှုကို အားကိုးကြောင်း ဘုရားသခင်ကို ပြောလိုက်တာပါပဲ။ သခင်ယေရှုကို ယုံကြည် အားကိုးတာနဲ့ အကယ်ခံရတာပါ။*

ဘုရားသခင်-
ကျွန်တော်/ကျွန်မဟာ အပြစ်တွေ လုပ်ခဲ့ပါတယ်။ အပြစ်ဒဏ်ခံထိုက်ပါတယ်။ ဒါပေမယ့် သခင်ယေရှုက ကိုယ်စားအသေခံပေးပြီး ၃ ရက်မြောက်တဲ့နေ့မှာ အသက်ရှင်ပြန်ခဲ့ပါတယ်။ ယုံကြည်ပါတယ်။ အပြစ်ခွင့်လွှတ်တော်မူပါ။ သေရင် ကောင်းကင်ရောက်ဖို့ မ,စ တော်မူပါ။

**Amazing Grace Publishing *PO Box 1963 * Joshua TX 76058 * 817-426-1828 * E-Mail JamesAV@aol.com**